
သိန်းမင်း

လုံးချင်းဝတ္ထုသစ်

# ပုရာလျှိုး၆၀

## မျက်ဝန်းထဲမှာဝေတဲ့နှင်း



ပန်းချီသိန်းရွှေကြည်

# အခန်း (၁)

သာယာသော ညနေခင်းမှာ ဖွန်ပွင့်ငုံက မြစ်ကမ်းဘေးမှ လမ်းလျှောက်ရင်း ကောင်းကင်ပြင်ကြီးကို မော့ကြည့်လိုက်သည် ။

တစ်နေ့တာ တာဝန်တွေ ပြီးဆုံးပြီဟု ကြွေးကြော်နေသော နေမင်းကြီးက တဖိတ်ဖိတ် တောက်နေသော မြစ်ပြင်မှာ မေးတင်ပြီး နေပါသည် ။ နေဝင်းနီကြီးကို ကြည့်ပြီး သာယာလှသော ပတ်ဝန်းကျင်ကို ဖွန်ပွင့်ငုံက ဝေ့ဝဲကြည့်လိုက်သည် ။

"မနက်ဖြန်ဆိုရင် ဒီသာယာလှပတဲ့ ငါ့ရဲ့ ဇာတိမြေကနေ ထွက်ခွာသွားရတော့မှာ ပါလား၊ ဖေဖေရယ်၊ ဘာလို့ များ စောစောစီးစီး ပွင့်ငုံကို ပစ်သွားရတာလဲ"

ဖခင်ကို စိတ်ထဲကနေ တမ်းတကာ ကြေကွဲစွာနှင့်ရှိနေသည် ။ ရင်ထဲက ခံစားမှုက မျက်ဝန်းကြည်ထဲကို မျက်ရည်တွေ တွန်းပို့လိုက်သည် ။

"ဟဲ့ ဖွန်ပွင့်ငုံ တစ်ယောက်တည်းရပ်ပြီး ဘာငေးနေတာလဲ၊ မှောင်တော့မယ် အိမ်ပြန်တော့လေ"

အသံကြောင့် လန့်ဖျပ်ပြီး အတွေးစများ ပျောက်သွားပါသည် ။ သူ့ကို လှမ်းကြည့်နေသော အရီးမြကို ပြုံးပြလိုက်သည် ။

"ညည်း မနက်ဖြန် ရန်ကုန်သွားတော့မှာ ဆို"

"ဟုတ်တယ်လေ အရီးမြ၊ မော်ဘီကို သွားမှာ "

"ညည်းသွားနေမှာ ညည်းအဖေရဲ့ ဆွေမျိုးနီးစပ်မှ ဟုတ်ရဲ့ လား"

"ဟုတ်ပါတယ် အရီးမြ၊ ဘဘကြီးမြင့်က ဖေဖေ့ညီမ ဒေါ်သွဲ့ရဲ့ ယောက်ျားပါ"

"ဒါဆို စပ်မှ တော်တာပါအေ"

"ဟုတ်ပါတယ်၊ ပွင့်ငုံမှာ လည်း ဆွေမျိုးဆိုလို့ အဲဒီဦးလေးတစ်ယောက်ပဲ ရှိတာလေ"

"ရန်ကုန်သွားမှ မဟုတ်ပါဘူးအေ၊ ညည်းနေချင်တယ်ဆို အရီးမြနဲ့ နေလို့ ရပါတယ်၊ ဝိုင်းလုပ်ဝိုင်းစားပေါ့"

"သူက ဖေဖေဆုံးတာသိပြီး ခေါ်နေတော့ သွားကြည့်လိုက်ဦးမယ် အရီးမြရယ်"

"အေးလေ သဘောပဲ၊ ဟိုမှာ အဆင်မပြေရင်တော့ ပြန်လာနော်"

"ဟုတ်ကဲ့ပါ"

"မနက် ကားဂိတ်ကို ဘယ်သူ လိုက်ပို့မှာ လဲ"

"ဆိုက်ကားသမား ကိုသာအေးကို လိုက်ပို့ခိုင်းထားတယ်"

"အေးလေ ဒါဆိုရင်ပြီးရော အရီးမြ ပဲခင်းထဲသွားလိုက်ဦးမယ်"

"အရီးမြကို တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်နော်"

အရီးမြက စိတ်မကောင်းသည့် ပုံစံနှင့် သူ့ကိုကြည့်ပြီး နှုတ်ဆက်ထွက်သွားသည် ။ ဟသ်ာတကိုလာ၍ တစ်နှစ်တစ်ခါသာ မြင်ဖူးရသော ဦးကြီးမြင့်နှင့် သွားနေရမှာ စိတ်ထဲက ကြောင့်ကြစိတ် အနည်းငယ်ဖြစ်နေသည် ။

မသွားဖြစ်သေးဘဲ ကြိုတင်ပူပန်နေလို့ မဖြစ်သေးပါဘူး။

ဦးလေးက လိုလိုလားလား ခေါ်နေမှ တော့ သွားရမှာ ပေါ့။

စိတ်ကိုတင်းပြီး အိမ်ကို လှည့်ပြန်လာသည် ။ အိမ်ထဲရောက်တော့ ထမင်းမစားနိုင်သေးဘဲ အိမ်ကို လှည့်ပတ်ကြည့်လိုက်သည် ။

"ငါလူမှန်းသိတဲ့ အရွယ်ကတည်းက ဒီအိမ်မှာ ကြီးပြင်းပါတယ်၊ အဖေအမေတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရတယ်...

"မေမေဆုံးပြီး စီးပွားရေးကျခဲ့တယ်...

"မလုပ်တတ် မကိုင်တတ်တဲ့ ဖေဖေ့ကြောင့် ဒီအိမ်က ကိုယ်ပိုင်ကနေ ရောင်းပစ်ပြီး အိမ်ငှားဖြစ်ရတယ်...

"ငါ့ဘဝမှာ ငါတစ်ယောက်တည်း၊ တစ်ယောက်တည်း ပိုင်ဆိုင်မှုဆိုတာ ဘာမှ မရှိဘဲ အထီးကျန်ဆန်နေပြီ...

"ဒါကြောင့် စပ်မှ တော်တဲ့ ဆွေမျိုးအရင်းပေါ့ ဦးလေးကြီးမြင့်နဲ့ သွားနေရမှာ ပေါ့"

အိမ်တွင်းက ဟောင်းနွမ်းနေသော အိမ်ထောင်ပရိဘောဂနှင့် အသုံးအဆောင်တွေကို ရောင်းရထားသော ငွေအချို့ကိုသာ ဇွန်ပွင့်ငုံ ပိုင်ဆိုင်နေပါသည် ။ ဖခင်ရှိစဉ်ကတော့ အဝတ်အစားကောင်းတွေ ဝယ်ပေးကြ၊ အဝတ်အစားတော့ သူမှာ ရှိသည် ။ အကောင်းဆုံးဆိုတာတွေ ရွေးပြီး အိတ်တစ်လုံးနှင့် ထည့်လိုက်သည် ။

ဤအဝတ်အစားတွေနှင့် အသုံးအဆောင်အချို့ ခြံနီးနားချင်းကို ပေးကမ်းစွန့်ကြဲလိုက်သည် ။ ကြက်ဥကြော်လေး တစ်လုံးဖြင့် ညစာကို တစ်ယောက်တည်း တွေးတွေးငေးငေးနှင့် စားလိုက်သည် ။

မနက်ကျရင် အိမ်ကိုသော့ခတ်ပြီး သော့ကို အိမ်ရှင်ကို ဝင်ပေးရမယ် ။

ထမင်းစားသောက်ပြီး အတွေးတွေနှင့် ပုံ့လွင့်နေသည် ။ မိဘတွေရဲ့ အငွေ့အသက်တွေ ရှိနေဆဲဖြစ်သော အိမ်မှာ နောက်ဆုံးအကြိမ် အိပ်စက်လိုက်သည် ။

နောက်တစ်နေ့ နံနက်စောစောထပြီး ပြင်ဆင်ပြီး လက်ဆွဲအိတ်နှစ်လုံးဆွဲကာ အိမ်ကို သော့ခတ်ပြီး ထွက်လာသည် ။ ဆိုက်ကားသမား သာအေးက အသင့်ပင်ရောက်နေပြီ။

"သွားတော့မလား ဓွန်ပွင့်ငုံ"

"ဟုတ်ကဲ့ အိမ်ရှင်တွေဆီကို သော့ ခဏဝင်ပေးမယ်နော်"

"ရတယ် ကားထွက်ချိန် လိုသေးတာပဲ"

သော့အပ်ပြီး ကားဂိတ်ဆီသို့ ထွက်ပါသည် ။ စောသေး၍ ကားပေါ်မှာ ခရီးသည် အချို့သာ ရှိသေးသည် ။

"ကားထွက်တဲ့ အထိ စောင့်ပေးရမလား"

"ရပါတယ် ကိုသာအေးရယ် မစောင့်ပါနဲ့ ၊ ဒီမှာ ဆိုက်ကားခနော်"

"ဟာ မလိုချင်ပါဘူး၊ နင့်ကိုနှုတ်ဆက်တဲ့ အနေနဲ့ လိုက်ပို့တာ"

"ယူပါ ကိုသာအေးရယ်"

"မယူပါဘူးဆို၊ ဟိုမှာ အဆင်မပြေရင် ပြန်လာနော်၊ ဒီမှာ ဆွေမျိုးသားချင်း မရှိပေမယ့် ရပ်ဆွေရပ်မျိုးတွေချည်းပဲ သိလား"

"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ် ကိုသာအေးရယ်"

ကိုသာအေးကို နှုတ်ဆက်ပြီး ကားပေါ်တက်လိုက်သည် ။ ခရီးသည်

တွေ တဖွဲဖွဲရောက် လာပြီး တစ်မိနစ်အတွင်းမှာ ပဲ ခရီးသည် ပြည့်၍ ကားက စထွက်လာပါသည် ။ ဟသ်ာတကို နှုတ်ဆက်ခဲ့ပါသည် ။

အဝေးပြေးကားဂိတ်မှာ ဦးလေးကြီးမြင့် လာကြိုမယ် ပြောတာပဲ။

ဆက်ဆက် လာကြိုပါစေ။

လာမကြိုလျှင် မသွားတတ်၍ ဇွန်ပွင့်ငုံက တွေး၍ ပူလိုက်သည် ။

ငါမသွားတတ်တာ သိတော့ သိပြီးလာကြိုမှာ ပါ။

တွေးပြီး စိတ်အေးလက်အေး ကားကိုလိုက်ပါစီးခဲ့သည် ။ လေအေးစက်ပါသော ကားမှာ အေးအေးချမ်းချမ်းစီးပြီး ပြသနေသော ဗီဒီယိုဇာတ်ကားကို ကြည့်ပြီးပါလာသည် ။

ဗိုလ်မြတ်ထွန်း တံတားကြီးကိုဖြတ်ပြီး ညောင်တုန်းဝန်းကျင်သို့ ရောက်သည့်အခါ ဆင်းရမည့် ကားဂိတ်နှင့် နီး လာပြီဆိုတာ ဇွန်ပွင့်ငုံက သိသည် ။

ကျယ်ဝန်းသည့် အဝေးပြေး ကားဂိတ်ကြီးဆီသို့ ကားကဝင်လိုက်ပြီး သူရပ်နားရမည့် နေရာမှာ ထိုးရပ်လိုက်သည် ။ ခရီးသည် တွေ အလျှိုလျှိုကားပေါ်မှ ဆင်းကုန်ကြသည် ။ ဇွန်ပွင့်ငုံက တမင်ပင် နောက်ကျန်နေလိုက်သည် ။

လူရှင်းတော့မှ ကားပေါ်က ဆင်းသည် ။ လက်ဆွဲအိတ်နှစ်လုံးကို ဆွဲပြီး ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည် ။ ယောကျ်ားပီပီသသနှင့် အချောကြီးမဟုတ်ပေမယ့် ကြည့်ကောင်းသော လူရွယ်တစ်ယောက် သူမထံသို့ လျှောက်လာသည် ။

"ဒီက မဇွန်ပွင့်ငုံလား"

"ဟုတ် ဟုတ်ပါတယ်"

"ဦးလေးကြီးမြင့်က ကြိုခိုင်းလိုက်လို့ "

"ဟင် သူ လာမကြိုဘူးပေ့ါ"

"ကိုယ့်ကို လမ်းကြုံလို့ ကြိုခိုင်းလိုက်တယ်"

"သူက ဘာလို့ လာမကြိုတာလဲဟင်"

"အဲဒါတော့ မပြောတတ်ဘူး"

စစ်ဆေးမေးမြန်းနေသော ဇွန်ပွင့်ငုံကို တစ်ချက်ကြည့်ပြီး။

"အဲဒီအိတ်တွေ ပေးလေ"

"ဟို ရပါတယ် ကျွန်မဘာသာ သယ်ပ့ါမယ်"

"ဒါဆို ဟိုမှာ ကားရှိတယ် သွားရအောင်"

သူက ရှေ့မှ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သဖြင့် ဇွန်ပွင့်ငုံက နောက်ကနေ မနည်းကြီး လိုက်ခဲ့ရသည် ။ ထိုသူက ကားနောက်ဖုံးတံခါးကို ဖွင့်ပြီး ဇွန်ပွင့်ငုံထံမှ အိတ်နှစ်လုံးကိုယူကာ နောက်ဖုံးထဲကို ထည့်လိုက်သည် ။

"ကဲ ကားပေါ်တက် သွားကြမယ်"

ဇွန်ပွင့်ငုံက မျက်နှာထားတည်တည်နှင့် ထိုသူကိုကြည့်ပြီး မဝံ့မရဲနှင့် သူဖွင့်ပေးလာသော ကားရှေ့ခန်းမှာ ပင် ထိုင်လိုက်သည် ။ ကားကို စက်နှိုးပြီး မောင်းထွက်သည် ။

"ရှင်က ဘယ်လိုလဲဟင်၊ ဦးလေးကြီးမြင့်နဲ့ ဘယ်လိုပတ်သက်လဲဟင်"

"ကိုယ့်နာမည်က မြတ်ထွဋ်ခိုင်၊ ဦးလေးကြီးမြင့်နဲ့ မိတ်ဆွေဆိုပါတော့"

"ဟုတ်လား ဦးလေးကြီးမြင့်က တကယ်ပဲ ကြိုခိုင်းလိုက်တာလားဟင်"

ဇွန်ပွင့်ငုံက မေးပြီးမှ မလိုအပ်သော မေးခွန်းကို မေးမိပါလားဟု အားနာသော မျက်နှာနှင့် မြတ်ထွဋ်ခိုင်ရဲ့ မျက်နှာကို မဝံ့မရဲ ကြည့်လိုက်သည် ။

"ဘာလဲ မင်းက ကိုယ့်ကိုမယုံဘူးလား"

"ဟို မယုံတာမဟုတ်ပါဘူး၊ ဦးလေးကြီးမြင့်က ကိုယ်တိုင်လာကြိုမယ် ပြောထားလို့ ပါ"

"လာကြိုမလို့ ဘဲ သူမအားလို့ "

"ကျွန်မ မေးမိတာကို စိတ်မဆိုးပါနဲ့ နော်"

"ထားလိုက်ပါ၊ ဒါနဲ့ မင်းက ဘယ်လိုစိတ်ကူးနဲ့ များ သူနဲ့ လာနေတာလဲ"

"ရှင် ဘာပြုလို့ လဲ"

အလန့်တကြား မျက်လုံးဝိုင်းဝိုင်းလေးနှင့် သူ့ကို ကြည့်နေသော ဇွန်ပွင့်ငုံကိုကြည့်ပြီး ပြောချင်သည့် စကားတွေကို မျိုသိပ်လိုက်သည် ။

အလွန်ဖြူစင် ရိုးသားပုံရသော ဇွန်ပွင့်ငုံသည် သိပ်ပြီးသိမ်ငယ်သလို၊ လောကကြီးရဲ့ အကြောင်းကိုလည်း သိပ်နားလည်ပုံ မပေါ်သေးဟု တွက်ဆလိုက်သည် ။

"ဘာမှ မဟုတ်ပါဘူး၊ တစ်ယောက်တည်းနေတဲ့ ဦးကြီးမြင့်အိမ်မှာ မ

င်းအတွက် မိန်းမဖော်ဆိုတာ မရှိလို့ ပါ"

"ဟုတ်ပါတယ်၊ ဦးလေးကြီးမြင့်က ဒေါ်လေးဆုံးပြီးကတည်းက အထီးကျန်ဆန်နေတာ၊ ဒါကြောင့် ကျွန်မကို လာနေစေချင်တယ်တဲ့ "

"မင်းက ဟသ်ာတကဆိုတော့ ဟိုမှာ ဘယ်သူနဲ့ နေတာလဲ"

"ဖေဖေနဲ့ နေတာလေ၊ ဖေဖေလဲဆုံးရော ဦးလေးကြီးမြင့်က တစ်ယောက်တည်းဖြစ်နေတဲ့ ကျွန်မကို ခေါ်လိုက်တာပါ"

"အမေကရော"

"ကျွန်မ ဆယ့်ငါးနှစ်ကတည်းက ဆုံးသွားပါပြီ"

"ဒါဆို မိဘတွေ မရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ်"

"မောင်နှမတွေရော"

"ကျွန်မက တစ်ဦးတည်းသော သမီးပါ"

"ဟုတ်လား  တခြားဆွေမျိုးသားချင်းတွေရော"

"မရှိပါဘူးရှင့်"

နွန်ပွင့်ငုံရဲ့ ရိုးသားကြည်လင်သော မျက်နှာလေးကို ကြည့်ပြီး မြတ်ထွဋ်ခိုင်ရဲ့ ရင်ထဲမှာ သနားကြင်နာစိတ်တွေ တဖွားဖွားပေါ်လာသည်။

စကားတပြောပြောနှင့် မောင်းလာခဲ့ရာ ဦးကြီးမြင့်ရဲ့ ခြံရှေ့သို့ ရောက် လာပြီ။

"ရောက်ပါပြီ နွန်ပွင့်ငုံ"

"ဟုတ်ကဲ့  ကျေးဇူးတင်ပါတယ်"

"ဒီမှာ ကိုယ့်ရဲ့ လိပ်စာ၊ ဖုန်းနံပါတ်၊ အကြောင်းကိစ္စရှိရင် ချက်ချင်း ဆက်လိုက်နော်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"ဒါဆို သွားမယ်နော်၊ ညကျရင် ဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ပါ"

မြတ်ထွဋ်ခိုင်က နွန်ပွင့်ငုံကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည် ။ ဖြူစင် မွှေးကြိုင်သော နွန်ပွင့်လေးလိုပါပဲ။ နွန်ပွင့်ငုံသည် နွန်ပွင့်ရှက်လို ဖြူစင် သည် ဆိုတာ သိရှိနေသည် ။ ကလေးသာသာ ရှိသေးသည် ဟု နွန်ပွင့်ငုံ ကို ထင်သည် ။ ဦးကြီးမြင့်ရဲ့ အိမ်မှာ နွန်ပွင့်ငုံကို ထားခဲ့ရသည် မှာ စိတ် မချဖြစ်နေသည် ။

ငါလေ မြင်မြင်ချင်း သူ့ကို သိပ်ပြီး ကာကွယ်ပေးချင်တယ်။ လောကကြီးအလယ်မှာ တစ်ယောက်တည်းဖြစ်နေတဲ့ သူ့ကို စောင့်ရှောက်ချင်နေတယ်။

အဲဒါ ဘာဖြစ်လို့ လဲ။

သေချာတာကတော့ မြင်မြင်ချင်း သူ့ကို စိတ်ဝင်စားမိတယ်။

ငါ့ရဲ့ အိမ်ကို ခေါ်သွားပြီး ကြမ်းတမ်းတဲ့ ဘဝတွေကို ရင်မဆိုင်ရ အောင် ကာကွယ် စောင့်ရှောက်ပေးချင်တယ်။

တွေးကြည့်ရင် ရယ်စရာကြီး၊ ငါက အတော်ကို အမှတ်သညာနည်း တဲ့ လူပဲ။

ခဲမှန်ဖူးတဲ့ သူက နောက်ထပ်ခဲကို မကြောက်ဘူးတဲ့ လား။

အေးအေးဆေးဆေးနေစမ်းပါ မြတ်ထွဋ်ခိုင်ရယ်၊ မီးခဲကို မကိုင်ချင်စ

မ်းပါနဲ့ ။

သူ့ကိုယ်သူ လှောင်ပြောင်ရယ်မောပြီး တိုးဝင်လာသော ဇွန်ပွင့်ငုံရဲ့ ပုံ ရိပ်ကို အတွေးထဲက ခါထုတ်ပစ်လိုက်သည် ။

***

# အခန်း (၂)

ဦးကြီးမြင့်ရဲ့ ခြံရှေ့မှာ ရပ်ပြီး စေ့ထားသော သစ်သားတံခါးကို တွန်းပြီး ဖွင့်ဝင်လိုက်သည် ။ တစ်အိမ်လုံး တိတ်ဆိတ်နေသည် ။ အိမ်ရှေ့ရောက်တော့ တံခါးပိတ်ထားသည် ကို တွေ့ပြီး၊ အိမ်ကိုပတ်ပြီး နောက်ဖေးဆီသို့ ဝင်လာပါသည် ။

နောက်ဖေးတံခါးက ပွင့်နေသည် မို့ အိမ်ထဲကိုဝင်လိုက်ရင်း ဦးကြီးမြင့်၏ အမည်ကို ခေါ်သည် ။ သုံးလေးခွန်း ခေါ်သော်လည်း ထူး သံမကြားရသဖြင့် အိမ်မှာ မရှိဘူးဆိုတာ သိလိုက်သည် ။

ရှုပ်ပွနေသော မီးဖိုချောင်ကိုကြည့်ပြီး အလွန်စိတ်ပျက်စွာနှင့် မီးဖို ဆောင်ကနေ ဆက်လျက်ရှိသော အခန်းဆီသို့ ကူးခဲ့သည် ။ ဘယ်နေရာ ကိုကြည့်ကြည့် ဖုန်တွေ ပိုးအိမ် ပိုးမျှင်တွေနှင့်မို့ လူသူမနေသော အိမ်နှင့် တူနေသည် ။

"ဟင်း  တစ်အိမ်လုံး ရှုပ်ပွညစ်ပတ်နေတာပဲ"

"ဦးလေးကြီးမြင့်က သန့်ရှင်းရေး မလုပ်ဘူးထင်ပါရဲ့ "

စိတ်ပျက်ပျက်နှင့် ဧည့်ခန်းကို ဝေ့ဝဲကြည့်ပြီး မောလျစွာထိုင်လိုက်သ ည် ။။ ခဏနားပြီး ထိုင်နေလို့ မဖြစ်သေးသဖြင့် ရှုပ်ပွနေသော ဧည့်ခန်း ကိုရှင်းပြီး မီးဖိုဆောင်ကိုပါ ရှင်းလိုက်သည် ။

ဝမ်းထဲတွင် ဟာတာတာဖြစ်လာသဖြင့် မည်းတူးနေသော အိုးနှစ်လုံးကို ဖွင့်ကြည့်လိုက်ကာ ထမင်းကြမ်းတစ်ခဲနှင့် ချဉ်ရေဟင်း အနည်းငယ်ကို တွေ့သည် ။

နည်းနည်းယူစားပြီး မီးဖိုချောင်ကို ကြည့်ပျော်ရှုပျော်အောင် ရှင်းပြီး ဧည့်ခန်းထဲမှာ ခဏထိုင်ရင်း မောပန်းနွမ်းနယ်နေသဖြင့် အိပ်ပျော်သွားသည် ။

ဘယ်အချိန်ထိ အိပ်ပျော်သွားသည် မသိပါ။ ဖျတ်ခနဲနိုးပြီး တစ်စုံတစ်ယောက်က သူ့ကို စူးစိုက်ကြည့်နေသည် လို့ ခံစားရပြီး၊ ကြည့်လိုက်တော့ တကယ်ပင် စူးစိုက်ကြည့်နေသော ဦးကြီးမြင့်ရဲ့ အကြည့်နဲ့ တိုးသည် ။

"ဟင် ဦးလေး ပြန်ရောက်နေပြီလား"

"ဟုတ်တယ်"

"နိုးလိုက်ရောပေါ့"

"ရပါတယ်၊ ရောက်ရောက်ချင်း အိမ်ကို သန့်ရှင်းရေးလုပ်ထားတာမြင်တော့ တင့်တင့်ကို သတိရလိုက်တာ"

ဦးကြီးမြင့်က ကွယ်လွန်သွားရှာပြီဖြစ်သော ဇနီးသည် ကို တမ်းတမ်းတတနှင့် ပြောသည် ။

"တင့်တင့်က အိမ်မှုကိစ္စ သိပ်တော်တာ၊ ဇွန်ပွင့်ငုံလည်း သူ့လိုပဲ တော်တယ်မဟုတ်လား"

"အိမ်မှုကိစ္စကို ကျွန်မ နိုင်နင်းပါတယ်"

"ဟုတ်တယ်၊ ကိုမြတ်လင်းက ပြောဖူးတယ် မင်းက မိန်းကလေး ပီ

သတယ်တဲ့ ၊ အဖေ့ကိုလည်း ဂရုစိုက်ပြုစုတယ်တဲ့ "

"မေမေ မရှိတဲ့ နောက်ပိုင်းမှာ ဖေဖေ့ကို ကျွန်မပဲ ပြုစုခဲ့ရတာပါ"

"ဦးလေးကိုလည်း ပြုစုမှာ မဟုတ်လား"

"ပြုစုရမှာ ပေါ့ ဦးလေးရယ်"

"ကဲ ဒါဆို ဦးလေး အပြင်သွားဦးမယ်၊ အိမ်မှာ ထမင်းမစားဘူး မိုးချုပ်မယ်၊ မစောင့်နဲ့ နော် သော့ယူသွားမယ်"

ဦးကြီးမြင့်က ပြောဆိုပြီး ထွက်သွားသည် ။ နွန်းပွင့်ငုံက မေးချင်တာကိုပင် မမေးလိုက်ရပါ။ ညနေစာ ချက်ရပြုတ်ရမှာ ကိုလည်း ညွှန်ကြား မသွားပါ။

"သူက အိမ်မှာ မစားပေမယ့် ငါက စားရမှာ ၊ ငါ့ကို ဘာမှ စီစဉ်မပေး သွားပါလား"

စိတ်ပျက်စွာ ညည်းညူပြီး တစ်ကိုယ်တည်း ပြောမိပြန်သည် ။

"ငါ ဘယ်အခန်းမှာ နေရမှာ လဲ မစီစဉ်ပေးဘူး"

"ဒီတော့ ကိုယ့်ဘာသာကိုယ်ပဲ ကြည့်စီစဉ်ရတော့မှာ ပေါ့"

"အိပ်ခန်းတွေက အပေါ်ထပ်မှာ ပဲထင်တယ်"

နွန်းပွင့်ငုံက သူ့ရဲ့ ခရီးဆောင်အိတ်လေးကိုဆွဲပြီး အပေါ်ထပ်သို့ တက်ခဲ့သည် ။ တစ်ခန်းကို ဝင်လိုက်တော့ ခြင်ထောင်ကြီးချလျက်သာ တွေ့သည် ။

"ဒါ ဦးလေးရဲ့ အခန်း သေချာတယ်"

တစ်ဖက်ခန်းကို ကူးလိုက်သည် ။ ပစ္စည်းတွေနှင့် ရှုပ်ပွနေသော နောက်တစ်ခန်းကို ဖွင့်ကြည့်လိုက်တော့ ရှင်းရှင်းလင်းလင်း ရှိသည် ကိုတွေ့

ရသည် ။

"ဒီအခန်းမှာ ပဲ နေမယ်"

အခန်းကို သန့်ရှင်းရေးလုပ်ပြီး ဖုန်အလိမ်းလိမ်းဖြစ်နေသော ခုတင်ကိုရှင်းလိုက်သည် ။ ဗီရိုတစ်လုံးတွေ့ပြီး ဖွင့်ကြည့်လိုက်တော့ ခြင်ထောင်၊ စောင်တို့ ကို တွေ့ပြီး သူ အိပ်စက်ရန် ပြင်ဆင်လိုက်သည် ။

ပြီးတော့ တစ်ကိုယ်လုံး ပေကျံနေသဖြင့် အောက်ထပ်ဆင်းပြီး ရေချိုးလိုက်သည် ။ အဝတ်အစားလဲပြီး ခုတင်ပေါ်မှာ လှဲနေရင်း ပင်ပန်းလွန်းသဖြင့် အိပ်ပျော်သွားပြန်သည် ။

တစ်ခန်းကျော်မှ ခြေသံပြင်းပြင်းနှင့် လှုပ်ရှားသံကိုကြားမှ လန့်နိုးသွားသည် ။ နံဘေးမှ ရှိသော လက်ပတ်နာရီကိုကြည့်လိုက်သည် ။

"ဟင် ဆယ့်တစ်နာရီတောင် ထိုးနေပြီ၊ ဦးလေး ခုမှ ပြန်လာတာကိုး "

ညစာ မစားရသေးသဖြင့် ဝမ်းထဲမှ တဂျုတ်ဂျုတ်မြည်နေသည် ။ ဦးကြီးမြင့်အခန်းက လှုပ်ရှားသံ မကြားရပါ။ ဦးကြီးမြင့် အိပ်ပျော်သွားပြီဆိုတာ ခန့်မှန်းမိသည် ။

အောက်ထပ်သို့ ဆင်းခဲ့သည် ။ မီးဖိုထဲဝင်ပြီး ထမင်းအိုးကို လှန်ကြည့်လိုက်တော့ နေခင်းက ထမင်းကြမ်းခဲက သိုးနေပါပြီ။ စိတ်ပျက်လက်ပျက်နှင့် ကြောင်အိမ်ကို ဖွင့်ကြည့်လိုက်တော့ ဖီးကြမ်းငှက်ပျောသီး တစ်ဖီးကို တွေ့ရသည် ။ ညစာလွတ် ငှက်ပျောသီးသုံးလုံးစား ရေသောက်ပြီး အပေါ်ထပ်ကို ပြန်တက်လာသည် ။ ပူလောင်နေသော ဝမ်းက အစာဝင်ပြီး အေးသွားသည် မို့ နေသာသွားသည် ။

"ဟင် ကိုမြတ်ထွဋ်ခိုင်ဆီက ဖုန်းဆက်မယ်ဆိုပြီး ဆက်လည်း မဆက်ဘူး"

မြတ်ထွဋ်ခိုင်ကို သတိရပြီး မကျေမနပ်ပင် ဖြစ်လိုက်ပါသေးသည် ။ မြတ်ထွဋ်ခိုင်အကြောင်း တွေးရင်းနှင့် အိပ်ပျော်သွားသည် ။

နောက်တစ်နေ့နံနက် အိပ်ယာရနိုးပြီး မျက်နှာသစ် သန့်စင်ပြီး မီးဖိုဆောင်ကို ဝင်သည် ။ ဆန်ပုံးထဲမှ ဆန်ကိုတွေ့ပြီး မီးမွှေးကာချက်သည် ။ ကြက်ဥတွေ့သဖြင့် ကြက်ဥကြော်လိုက်သည် ။

လုပ်ကိုင်နေစဉ်မှာ ပဲ ဦးကြီးမြင့်က နိုးပြီး မီးဖိုထဲရောက်လာသည် ။

"ဟော ဦးလေးနိုးပြီကိုး၊ မနက်ဆို ဦးလေးဘာစားလဲ"

"ထမင်းပေါ့၊ ဟိုကြောင်အိမ်ထဲမှာ ကော်ဖီမစ်ရှိတယ်၊ ဦးလေးအတွက် ဖျော်ပေး၊ မင်းလည်း သောက်နော်"

"ဟုတ်ကဲ့"

ဇွန်ပွင့်ငုံက ကော်ဖီဖျော်ပေးလိုက်ကာ ဦးကြီးမြင့်က ထမင်းစား ကော်ဖီသောက်ပြီး ဇွန်ပွင့်ငုံကို ပြောသည် ။

"ခြံထဲသွားလိုက်ဦးမယ်၊ နံနက်စာချက်ဖို့ ဟင်းလျာပို့ခိုင်းလိုက်မယ်၊ ဦးလေးက ညစာမစားဘူးနော်"

"ဟုတ်ကဲ့"

ပြောဆိုပြီး ဦးကြီးမြင့်က ထွက်သွားသည် ။ ဦးကြီးမြင့်ကို ကြည့်လိုက်ခြင်းအားဖြင့် ဦးကြီးမြင့်သည် အရက်သမားတစ်ယောက် ဖြစ်နေပြီဆိုတာ သိလိုက်ရသည် ။

"ဒုက္ခပဲ၊ ဦးလေးက အရက်သမားကြီး ဖြစ်နေတော့ သူနဲ့ နေရမှာ

ကြောက်လိုက်တာ"

အလွန်စိတ်ညစ်နေသည် ။ ဦးကြီးမြင့်ရဲ့ အခန်း ဝင်ရှင်းလိုက်သည် ။

ကြွက်သိုက်ထဲကို ရောက်နေသလား ထင်ရသည် ။

ရှုပ်ပွနေသည် များကို ကြည့်ပြီး စိတ်ပျက်စွာ စုတ်သပ်လိုက်သည် ။ သန့်ရှင်းပြီး လျှော်ဖွပ်ရမည့် အဝတ်အချို့ကို လျှော်ဖွပ်ပေးလိုက်သည် ။

ချက်ပြုတ်ပြီးစီးသော်လည်း အနားမနေနိုင်သေးဘဲ၊ တစ်အိမ်လုံးကို ရှင်းနိုင်သလောက် ရှင်းလိုက်သည် ။ ဦးကြီးမြင့်က ဆယ့်နှစ်နာရီကျော်မှ မနက်စာထမင်းကို စားရန်ပြန်လာသည် ။

ဦးကြီးမြင့်က အိမ်အနည်းငယ် သန့်ရှင်း လာပြီး ကြည့်ပျော်ရှုပျော် ရှိနေသည် ကို ဝေ့ဝဲကြည့်ပြီး ကျေနပ်စွာပြောသည် ။

"အိမ်မှာ တင့်တင့်ရှိတုန်းကနဲ့ နည်းနည်းတူ လာပြီ"

"အားရင်လည်း ခြံကိုရှင်းထားပါ ဇွန်ပွင့်ငုံ၊ ခြံထဲမှာ လည်း ပန်းပင်တွေစိုက်နော်"

"ဟုတ်ကဲ့"

"ပန်းမျိုးတွေ ဦးလေးယူလာမယ်"

ဦးကြီးမြင့်က ကျွန်မကို စကားပြောခဲသည် ။ ပြောလိုက်လျှင်လည်း ခိုင်းစေသည့် စကားများ သာ များ သည် ။

"သူက ငါ့ကို ခိုင်းစရာ စက်ရုပ်တစ်ရုပ်လိုပဲ ဖြစ်နေတယ် ထင်ပါရဲ့ "

ဇွန်ပွင့်ငုံက ဦးကြီးမြင့်ကို မကျေနပ်သော်လည်း သူ့ရဲ့ သဘောထားကို သိနေသည် ။

"ငါ့မှာ သူကလွဲပြီး အားကိုးစရာမရှိတော့ သူ့ကိုပဲ အားကိုးပြီး

နေရမှာ ပေါ့၊ အလုပ်တွေ မနိုင်မနင်းဖြစ်ပေမယ့် ညည်းညူနေလို့ မဖြစ်သေးပါဘူး"

အဝေးသင်တက္ကသိုလ်ကနေ သိပ္ပံဘွဲ့တစ်ခုကို ပိုင်ဆိုင်ထားပြီးသော်လည်း အလုပ်ရှာရာမှာ အခက်အခဲတွေ့နေသည် ။

မြတ်ထွဋ်ခိုင်က တယ်လီဖုန်းဆက်မည်ဟု ပြောပြီး မဆက်သွယ်သေးသဖြင့် မျှော်မိသော်လည်း ကိုယ်က စမဆက်ရဲ။

"ငါ့ကို သူ့လိပ်စာနဲ့ သူ့ဖုန်းနံပါတ် ပေးထားပေမယ့် ငါကစပြီး ဆက်ရတာမျိုး မဖြစ်ချင်ဘူး"

"သူဆက်တဲ့ အထိ စောင့်ရမှာ ပဲ"

"ဒီမှာ ငါသိတာ သူတစ်ယောက်တည်းမို့၊ သူနဲ့ စကားပြောချင်တယ်"

"တစ်ယောက်တည်း နေရတဲ့ အထီးကျန်အဖြစ်က ပျင်းစရာကောင်းလိုက်တာ"

တစ်နေ့လုံး အလုပ်တွေနဲ့ လုံးပန်းရင်း ညမိုးချုပ်သွားပါသည် ။ ညစာစားပြီး အနားယူနေစဉ်မှာ တယ်လီဖုန်းက မြည်လာသည် ။

ဖွန်ပွင့်ငုံက ဦးကြီးမြင့်ရဲ့ မိတ်ဆွေတစ်ယောက်ယောက်က ဆက်သည် ထင်ပြီး တယ်လီဖုန်းကို ကိုင်လိုက်သည် ။

"ဟဲလို ဖွန်ပွင့်ငုံ"

တစ်ဖက်က သူ့နာမည်ကို ခေါ်လိုက်သူသည် မြတ်ထွဋ်ခိုင်မှန်း သိလိုက်သည် ။

"ဟုတ်ကဲ့ ပြောပါ ကိုမြတ်ထွဋ်ခိုင်"

"ဘာလုပ်နေလဲ"

"အလုပ်တွေပြီးလို့ နားနေပါတယ်"

"အလုပ်တွေ မနိုင်မနင်း ဖြစ်နေတယ်မဟုတ်လား"

"ဟုတ်တယ် ကိုမြတ်ထွဋ်ခိုင်"

"အိမ်မှာ ဘယ်သူရှိလဲ၊ တစ်ယောက်တည်းလား"

"တစ်ယောက်တည်း မဟုတ်ဘူး ၊ ပိုးဟပ်တွေ၊ အိမ်မြှောင်တွေ၊ ပုရွက်ဆိတ်တွေ အများကြီးပါပဲ"

ဇွန်ပွင့်ငုံက စိတ်ညစ်ညစ်နှင့် ပြောလိုက်သည် ကိုကြားပြီး မြတ်ထွဋ်ခိုင်က ရယ်မိသော်လည်း ဇွန်ပွင့်ငုံကို သနားမိပါသည် ။

"ဟုတ်လား"

"ဟုတ်တယ်  ကျွန်မက ပိုးဟပ်ဆိုရင် ကြောက်တယ်"

"ကြောက်စရာမလိုပါဘူးကွယ်၊ အခန်းထဲမှာ မီးဖွင့်ထားလိုက်ရင် သူတို့ သိပ်ပြီးမလာတော့ဘူး"

"ဟုတ်ကဲ့  ဖွင့်ထားပါ့မယ်"

"မနက်ဖြန်ကျရင် အင်းဆက်ကေလာတစ်ဘူးဝယ်ပြီး လာပို့မယ်နော် "

"ဟုတ်ကဲ့"

"ဦးလေးက ဘယ်တော့မှ ပြန်တာလဲ"

"မိုးချုပ်မှ ပြန်တယ်၊ မနေ့က ညဆယ့်နှစ်နာရီလောက်မှ ပြန်လာတယ်"

"ဒါဆို အိမ်မှာ ဇွန်ပွင့်တစ်ယောက်တည်းပေါ့"

"ဟုတ်ကဲ့"

"မနက်ဖြန် ကိုယ်လာခဲ့မယ်၊ တစ်ယောက်တည်းနေရတာ ကြောက်နေလား"

"ဟုတ်ကဲ့"

"ဘာမှ မကြောက်နဲ့ တစ်ခုခုဆို ဖုန်းဆက်လိုက်နော်၊ ကိုယ်ချက်ချင်း ရောက်လာမယ်"

"ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့"

မြတ်ထွဋ်နိုင်ရဲ့ အသံကိုကြားရပြီး စကားပြောရသဖြင့် အပျင်းပြေသလို ကျေနပ်သွားသည်။ သူပြောသလို မီးဖွင့်ထားပြီး အိပ်ရာထဲမဝင်မီ အခန်းထဲမှာ ထိုင်နေသည်။

ဟောင်းနွမ်းနေသော မဂ္ဂဇင်းတစ်အုပ်ကို အပျင်းပြေဖတ်နေလိုက်သည်။ မြတ်ထွဋ်နိုင်က တစ်ယောက်တည်းရှိနေရှာသော ဖွန်ပွင့်ငုံကို စိတ်မချဖြစ်နေသည်။

"အရက်သမားဖြစ်နေတဲ့ ဦးကြီးမြင့်အိမ်ကို ဖွန်ပွင့်ငုံကို ကြိုပို့လိုက်တာ ငါမှားပြီလားမသိဘူး"

"ဖွန်ပွင့်လေးက ငယ်သေးတယ်၊ အရက်သမားကြီးနဲ့ အတူနေရမှာ ကြောက်နေရှာမှာ ပဲ"

ဦးကြီးမြင့်နှင့် ဖွန်ပွင့်ငုံကို အတူထားရမှာ စိတ်မချဖြစ်နေသည်။

***